# ရိုးကြာလှနှင်းဝေ

## သိမ်းထားတယ် အကြင်နာတွေ ရင်ထဲမှာ



(၁)

တစ်ဦးပြီးတစ်ဦး လာရောက် နှုတ်ဆက်နေကြသည်။ ချီးမွမ်းကြသည်။ အားပေးကြသည်။ သည့်ထက် အဆပေါင်းများစွာ တိုးပွားပြီးအောင်မြင်ကြပါစေလို့ဆုတောင်း မေတ္တာစကားတွေ လည်း ခြွေကြပါသည်။

မင်းသားမင်းလွင် နှင့် မင်းသမီးစိမ်းမြလွှာတို့နှစ်ယောက် လက်ဆွဲနှုတ်ဆက်ရ၊ ပြောရ၊ ရယ်ရနှင့် မောဖို့ပင် သတိမရကြပါ။ အထူးသဖြင့် အောင်မြင်ကျော်ကြားမှု၊ ထင်ပေါ်မှုတို့ကို ကိုး ကွယ်သော၊ မြတ်နိုးသော မင်းသားမင်းလွင်ရဲ့ရင်မှာ ကြည်နူးမဆုံး၊ ပီတိဖြစ်မဆုံး ဖြစ်နေကြသည်။

မင်းသမီးမြစိမ်းလွှာ တစ်ယောက်ကတော့ ပင်ပန်းနွမ်းနယ်သလိုပင် ရှိနေသည်။ သူ့ရဲ့ ဝမ်းသာကြည်နူးမှုက မင်းလွင်ကို မမီ။ မင်းလွင်လောက်လည်း အာပေါင်အာရင်းမသန်နိုင်ရှာပါ။

လိုက်ဖက်ညီသော သူတို့နှစ်ယောက်ကို ရွှေနှင့်မြ၊ နေနှင့်လလိုလည်း အားကျ အမွှမ်းတင်စွာပြောနေကြသည်။ ရှေ့သွားနောက်လိုက်ညီသည် ဆိုသည့်စကားက စိမ်းမြလွှာရဲ့ရင်ကို လွန်စွာပင် ကြည်နူးချမ်းမြေ့စေပါသည်။

ချောမွေ့သော မင်းလွင်ရဲ့မျက်နှာကို ရွှန်းလက်ရီဝေသော မျက်ဝန်းတွေနှင့် မော့ကြည့်သည်။ ပရက်(စ)ရှိုးလာကြည့်သော ပရိတ်သတ်ကြီး

တွေ တစ်စစနှင့် ပြန်သွားကြပါပြီ။

"ဟူး...၊ နှုတ်ဆက်ရ၊ ရယ်ရနဲ့ ပါးစပ်ညောင်းပြီးမောသွားတာပဲ ကိုလွင်ရယ်"

မင်းလွင်ရဲ့မျက်နှာကို နွမ်းလျနေသောအပြုံးလေးနှင့် မော့ကြည့်ပြီး ပြောသည်။ မင်းလွင်က အလွန်အားရကျေနပ်သော အပြုံးများနှင့် သူမကိုငုံ့ကြည့်သည်။

"အောင်မြင်ကျော်ကြားမှုအတွက်ဆိုရင် ကိုလွင်ကတော့မမောဘူးကွာ"

ထိုစကားကို စိမ်းမြလွှာ အပြည့်အဝ ယုံပါသည်။ မင်းလွင်သည် ထင်ပေါ်ကျော်ဇောမှုကို သိပ်မြတ်နိုးသော သူတစ်ယောက်ဆိုတာ သိပြီးသားပဲလေ။

"ဒီနေ့ အောင်မြင်တဲ့အထိမ်းအမှတ်နဲ့ ကိုလွင်တို့နှစ်ယောက် တစ်နေရာရာမှာ ညစာသွားစားမယ်၊ ပြီးရင် လွှာရဲ့တိုက်ခန်းကို ပြန်ပို့ပေးမယ်နော်"

"ကောင်းပြီလေ"

ကျန်ရှိသော ရပ်ရှင်အဖွဲ့သားများကို နှုတ်ဆက်ပြီးထွက်ခဲ့ကြသည်။

"ကိုလွင်တို့နှစ်ယောက်က ကံကိုစပ်တာနော်"

"ဟုတ်တယ်"

"လွှာလေးနဲ့ကိုလွင်တို့ ဒီလိုပဲ လက်တွဲသွားကြမယ်နော်"

"ဟုတ်ပါပြီတဲ့ရှင်"

အရပ်မြင့်မြင့်၊ အသားဖြူဖြူနှင့် သိပ်ကိုချောမွေ့သော မင်းလွင်ကို

စိမ်းမြလွှာက လှည့်ကြည့်သည်။ ယောကျ်ားတစ်ယောက်နှင့်မတူအောင် မင်းလွင်ရဲ့အသားအရေက ချောမွေ့နုဖပ်နေသည်။

သွားလာဟန်၊ ပြောဆိုဟန်တွေအားလုံး ဖန်တီးလုပ်ယူထားသော အလှတွေသာ မင်းလွင်မှာ ရှိနေသည်လေ။ သူ့ရဲ့လှုပ်ရှားမှုမှန်သမျှကို စေ့စေ့ကြည့်နေပေမယ့် ရုပ်ဆိုးသည့်အကွက် တစ်ခုမှ မတွေ့ရ။ အားလုံး လှပကြည့်ကောင်းနေသည်။

ညစာစားသောက်ပြီး စိမ်းမြလွှာကို တိုက်ခန်းသို့ပြန်ပို့သည်။ စိမ်းမြလွှာကို အိမ်ဖော်မလေး မမြိုင်က တံခါးဖွင့်ပေးသည်။

“မမလေး သိပ်ပင်ပန်းလာပြီ ထင်တယ်”

“ဟုတ်တယ် မမြိုင်ရယ်”

“သံပရာရည် သောက်မလား၊ မမြိုင်ဖျော်ပေးမယ်”

“မသောက်တော့ပါဘူးကွယ်”

လတ်ဆတ်စွာဖျော်သော သံပရာရည်ကို စိမ်းမြလွှာက မောပန်းလာလျှင် သောက်လေ့ သောက်ထရှိသည်လေ။

အခန်းတံခါးကို လိုက်၍ ဖွင့်ပေးသည်။ စိမ်းမြလွှာ လဲလှယ်ဖို့ အဝတ်အစားတွေကို ထုတ်ပေးသည်။ အစစအရာရာ အလိုက်သိတတ်ပြီး လုပ်ကိုင်ပေးနေသော မမြိုင်ကို အားကိုးသောအပြုံးနှင့် စိမ်းမြလွှာက ကြည့်လိုက်ပါသည်။

*

(၂)

စိမ်းမြလွှာ ဆယ်တန်းအောင်သည့် နှစ်မှာပဲ၊ မိခင်မုဆိုးမကြီး ကွယ်လွန်သွားသည်။ အားကိုးရာမဲ့ စိမ်းမြလွှာကို သားသမီးမရှိသော ဘကြီးလင်မယားက ခေါ်ယူစောင့်ရှောက်ခဲ့သည်။

ပြည့်ဝချမ်းသာ ချောင်လည်မှုမရှိသော်လည်း ဘကြီးက ကောလိပ် သို့ ဆက်ထားပေးသည်။ နွမ်းပါးချို့တဲ့စွာနှင့် ကောလိပ်သို့ စိမ်းမြလွှာ တက်ခဲ့ရသည်။

ပဲခူးကောလိပ်မှာ စိမ်းမြလွှာ ပထမနှစ်ကို တက်နေသည်။ ဒုတိယ နှစ်စလောက်မှာ ကောလိပ်ထဲမှာ ဗွီဒီယို အဖွဲ့တစ်ဖွဲ့ ရောက်လာသည်။ သေးသေးသွယ်သွယ် ကိုယ်လုံးကျစ်ကျစ်လေးနှင့် ဖြူဖြူနုနု ချောမွေ့ လှပသော စိမ်းမြလွှာကို ဒါရိုက်တာက သဘောကျသွားသည်။

ရုပ်ရှင်ဝါသနာပါသော စိမ်းမြလွှာက ရိုက်ကွင်းနေရာသို့ လိုက်ကြည့် ရင်း ဒါရိုက်တာက မြင်တွေ့သွားပြီး သဘောကျသွားသည်။

စိမ်းမြလွှာက မင်းသမီးကို အော်တို ရေးခိုင်းနေသည့်အချိန်မှာ ဒါရိုက်တာက သူမအနားသို့ ရောက်လာသည်။ စိမ်းမြလွှာရဲ့ ရုပ်အင် လက္ခဏာကို သူစောစောကပင် သတိပြုမိသည်လေ။

"မိန်းကလေးက ရုပ်ရှင်ဝါသနာပါတယ်ထင်ပါရဲ့"

"ဟုတ်ကဲ့ရှင့်"

နာမည်ကြီး ဒါရိုက်တာတစ်ယောက်က မိမိကိုစတင်ခေါ်၍ နှုတ်ဆက်သည့်မို့ စိမ်းမြလွှာရဲ့ မျက်နှာလေး ဝမ်းသာမှုဖြင့် ဝင်းလက်နေသည်။

"ဦးက ဒါရိုက်တာ ဦးသိန်းဟန်ပါ"

"ဟုတ်ကဲ့...စာစောင်တွေထဲမှာ ဦးကိုမြင်ဖူးလို့ သမီးသိနေပါတယ်"

စကားပြောပုံဆိုဟန်၊ ချိုချိုနွဲ့နွဲ့လေးကို ဒါရိုက်တာကြီး ဦးသိန်းဟန်က မြင်မြင်ချင်း သဘောကျနေသည်။

"သမီးနဲ့ ဦး ဆွေးနွေးချင်ပါတယ်၊ ဒီက မပြန်ခင်တွေ့ချင်တယ်၊ သမီးရဲ့လိပ်စာလေး ပေးမလား"

"ဟုတ်ကဲ့ ရပါတယ်ရှင့်"

စိမ်းမြလွှာက သူမရဲ့ လိပ်စာလေးကို သွက်သွက်လေးရေးပေးသည်။ ဦးသိန်းဟန်က သူ့ရဲ့ပိုက်ဆံအိတ်ထဲမှာ ထည့်လိုက်သည်။

"ကဲ... ဦးကိုခွင့်ပြုဦး"

မင်းသမီးနား၍ ပြီးပြီမို့ ဦးသိန်းဟန်က ဇာတ်လမ်းကို ဆက်ပြီးရိုက်သည်။ ရိုက်ကွင်းများ ပြီးဆုံးသည်အထိ စိမ်းမြလွှာနှင့် သူငယ်ချင်းတစ်သိုက် ကြည့်နေကြသည်။ ကျန်ရှိနေသော စာသင်ချိန်တွေကိုပင် ဆက်ပြီးမတက်တော့ပါ။

*

"မိလွှာရေ၊ ဒါရိုက်တာကြီးက နင့်ကို သဘောကျသွားပြီး မင်းသမီးများ တင်မလို့လားမသိဘူး"

“မသိပါဘူးကွယ်”

“မင်းသမီးတင်ရင် နင်လုပ်မလား”

“မင်းသမီးဖြစ်ဖို့ဆိုတာ လွယ်မှမလွယ်တာဟ”

စိမ်းမြလွှာက ပြန်ပြောလိုက်သည်။ ဒါရိုက်တာကြီးက သူမကို မင်းသမီး လုပ်ခိုင်းလိမ့်မည်လို့လည်း ပြည့်ဝစွာ မမျှော်လင့်ရဲ့ပါ။

“မင်းသမီးဖြစ်ရင်တော့ ပွတာပဲနော်၊ နင် ဝါသနာပါတာနဲ့ အတော်ပဲ ပေါ့”

“အေးလေ၊ စိတ်ကူးယဉ်သလိုဖြစ်ရင်တော့ အတိုင်းထက်အလွန်ပဲ ပေါ့”

ထိုနေ့ညက စိမ်းမြလွှာ စိတ်ကူးများယဉ်ပြီး အိပ်မပျော်နိုင်အောင် ရှိနေသည်။

*

နောက်တစ်နေ့ညနေမှာ ဒါရိုက်တာဦးသိန်းဟန်နှင့် ထုတ်လုပ်သူ ကုမ္ပဏီပိုင်ရှင် စိမ်းမြလွှာရဲ့အိမ်သို့ ရောက်လာသည်။

စိမ်းမြလွှာက ဘကြီးနှင့်ကြီးတော်ကို ဦးသိန်းဟန်နှင့် မိတ်ဆက်ပေးသည်။ ဦးသိန်းဟန်က သူ မင်းသမီးအသစ်တစ်လက်ရှာနေကြောင်း၊ စိမ်းမြလွှာကိုမြင်တော့ သဘောကျကြောင်း ပြောပြပါသည်။

“ဦးလိုချင်တဲ့ အရည်အချင်းတွေ သမီးမှာရှိနေတယ်လို့ ထင်တယ်၊ ဒါကြောင့် သမီးကို မင်းသမီး တင်ချင်တယ်”

“သမီးကလဲ ဝါသနာပါတယ်”

"ဟုတ်တယ်ဗျာ၊ ဒီမိန်းကလေး ဘယ်လိုမင်းသမီးရူး ရူးမှန်းမသိဘူး"

"ဒီလိုလုပ်ပါလား ဦးသိန်းဟန်၊ ဒီမှာပဲ သူ့ကို ခင်ဗျားစမ်းခိုင်းကြည့်ပါလား၊ အဆင်ပြေရင် ကျုပ်တို့အပြန် တစ်ခါတည်းခေါ်သွားကြတာပေါ့"

ထုတ်လုပ်သူပိုင်ရှင်က ပြောသည်။ စိမ်းမြလွှာမျက်နှာလေး အားတက်ဝမ်းသာမှုဖြင့် လင်းလက်တောက်ပနေသည်။

"ကောင်းပြီလေ၊ ဒါဆို မနက်ဖြန် မနက်ရှစ်နာရီလောက် အသင့်လုပ်ထား၊ ဦးတို့လာခေါ်မယ်"

ဦးသိန်းဟန်တို့ နှုတ်ဆက်ပြီးပြန်သည်။ သူမရဲ့အဖြစ်ကို မယုံနိုင်အောင် ဘကြီးနှင့် ကြီးတော်က ရှိနေသည်။

"သမီးရယ် ဟုတ်မှလဲလုပ်ပါကွယ်၊ ဘကြီးတို့က သမီးနောက်က လိုက်နိုင်တာ မဟုတ်ဘူးကွဲ့"

ဘကြီးဖြစ်သူ ဦးအောင်က စိတ်မချနိုင်အောင်ရှိနေသည်မို့ ထိုသို့ပြောသည်။ ကြီးတော်ကလည်း စိတ်မချဖြစ်နေသည်။

"ဟုတ်ပါတယ် သမီးရယ်၊ အဲဒီ ရုပ်ရှင်လောကဆိုတာက သိပ်ကျယ်ပြန့်တယ်၊ ကြီးတော်တို့ ဘာမှနားမလည်ဘူး၊ သမီးလေးအတွက် အထောက်အကူလဲ ပေးနိုင်မှာမဟုတ်ဘူး"

"သမီး ဝါသနာပါတာကို အခွင့်အရေးပေးတုန်းလုပ်ပါရစေ ဘဘနဲ့ ကြီးကြီးရယ်"

မျက်နှာငယ်လေးနှင့် စိမ်းမြလွှာက သူမဖြစ်ချင်သည်ကို တောင်းဆိုသည်။

“သမီးလေး တစ်ခုခုခြေချော်လက်ချော် ဒုက္ခရောက်မှာစိုးလို့ပြောတာပါကွယ်”

“သမီးကိုယ်သမီး ထိန်းနိုင်ပါတယ် ဘဘရယ်”

“သမီးအသက်က အခုမှဆယ့်ရှစ်နှစ်ရှိသေးတာ၊ ငယ်လွန်းပါသေးတယ်ကွယ်”

“ဘဘရယ် ကြိုတွေးပြီး ပူမနေပါနဲ့ဦး၊ မနက်ဖြန်ကျ ဘာပြောဦးမလဲ မသိသေးပါဘူး”

လူကြီးတွေပီပီ တွေးပူနေသောဘကြီးနှင့် ကြီးတော်ကို ဖြေသိမ့်စကားပြောလိုက်သည်။

*

## (၃)

နောက်တစ်နေ့နံနက် ချိန်းဆိုထားသောအချိန်မှာ ဦးသိန်းဟန်တို့ လာရောက်ခေါ်သည်။ စိမ်းမြလွှာကိုခေါ်သွားပြီး အမူအရာများ လုပ်ခိုင်းသည်။ ဝါသနာပါသော စိမ်းမြလွှာကလည်း ကြိုးစားပြီး လုပ်ကိုင်ပြသည်။

"အင်း...မဆိုးပါဘူး၊ သွန်သင်ပြလိုက်ရင် ပီပီပြင်ပြင်သရုပ်ဆောင်နိုင်မှာပါ"

ဦးသိန်းဟန်တို့အုပ်စု သဘောကျသွားသည်။ စိမ်းမြလွှာကို အိမ်ပြန်လိုက်ပို့ရင်းနှင့် အလုပ်အကြောင်း ဆွေးနွေးကြသည်။

စိမ်းမြလွှာတို့ရဲ့ ဧည့်ခန်းလေးထဲမှာ ဦးသိန်းဟန်က စိမ်းမြလွှာကို မင်းသမီး တင်လိုက်ပြီဖြစ်ကြောင်း ပြောလိုက်သည်။

"ဦးရဲ့တူမလေးကို ကျွန်တော်တို့ ရန်ကုန်ခေါ်သွားချင်ပါတယ်၊ ပထမဦးဆုံးဗွီဒီယိုတစ်ကား စပြီးရိုက်ပါ့မယ်"

"ရန်ကုန်ကို လိုက်ရမှာလားကွယ်"

"ရန်ကုန်မှာရိုက်မှာမို့ ရန်ကုန်ကိုလိုက်ရပါ့မယ် ခင်ဗျာ"

"သူ့တစ်ယောက်တည်း ထည့်လိုက်ဖို့ စိတ်မချဘူးကွယ်"

"ဒီအတွက်စိတ်ချပါ၊ ဒေါ်ဒေါ်ပါလိုက်ခဲ့ပါ၊ နေရေးထိုင်ရေးကအစ ကျွန်တော်တို့ တာဝန်ယူပါတယ်..."

“သမီးရဲ့သဘောပြောပါဦးကွယ်”

ဦးအောင်က တူမချောစိမ်းမြလွှာကို လှမ်းကြည့်ပြီးမေးသည်။ စိတ်အားထက်သန်မှုဖြင့် ရွှန်းလက်နေသော မျက်ဝန်းလေးနှင့် စိမ်းမြလွှာက သူ့ကို လှမ်းကြည့်သည်။

“လွှာ လိုက်သွားချင်ပါတယ်၊ လွှာ မင်းသမီးဖြစ်ချင်တာလဲ ဘဘသိသားပဲ၊ ကြီးကြီးကို အဖော်ခေါ်ပြီး လွှာသွားပါရစေ”

ဦးအောင်က တူမချောကို ကြည့်ပြီး ခေါင်းတညိတ်ညိတ်နှင့် ရှိနေသည်။

“တူမလေးက သိပ်ဝါသနာပါနေရှာတယ်၊ ခွင့်ပြုလိုက်ပါဗျာ”

အားလုံးက ဝိုင်းဝန်းတိုက်တွန်းကြသည်။ နောက်ဆုံးမှာ ဦးအောင်က သဘောတူလိုက်ရပါတော့သည်။

*

ရန်ကုန်မြို့သို့ ကြီးတော်ဖြစ်သူ ဒေါ်တင်နှင့်အတူ စိမ်းမြလွှာ ရောက်ခဲ့ရပါသည်။ ဦးသိန်းဟန် စီစဉ်ပေးသောအိမ်မှာ နေထိုင်ပြီး ဗွီဒီယိုလောကရဲ့ ပထမဦးဆုံးခြေလှမ်းကို စိမ်းမြလွှာ စတင်၍ လှမ်းပါတော့သည်။

စိမ်းမြလွှာရဲ့ အရည်အသွေး၊ ပါရမီပါပုံကို မြင်တွေ့ရပြီး ဦးသိန်းဟန်က တော်တော်လေး အံ့သြရသည်။ ပထမကားရိုက်ပြီး စိမ်းမြလွှာ ပဲခူးသို့တစ်ခေါက်ပြန်ခဲ့သည်။ တစ်ခွေတည်းနှင့် စိမ်းမြလွှာ နာမည်ရခဲ့သည်။ ဦးသိန်းဟန်က ဝမ်းသာအားရနှင့် နောက်ထပ်သုံးခွေရိုက်ရန် စာချုပ်သည်။

စိမ်းမြလွှာဘဝမှာ မယုံကြည်နိုင်သောအဖြစ်နှင့် တွေ့ခဲ့ရပြီပဲ။ သူငယ်ချင်းတွေကလည်း သူမရဲ့အောင်မြင်မှုကို ဝမ်းသာအားရ ချီးကျူးကြသည်။

ရန်ကုန်သို့လိုက်လာပြီး ထပ်မံပြီး အခွေများရိုက်ကြပြန်သည်။ အချို့ကားတွေက နယ်မှာထွက်ရိုက်ရသည်။ သုံးခွေပြီးတော့ စိမ်းမြလွှာ နာမည်တော်တော်ကြီးသွားသည်။

*

အောင်မြင်ကျော်ကြားလာတဲ့ စိမ်းမြလွှာကို ဦးသိန်းဟန်က ရန်ကုန်မှာ အပြီးလာနေခိုင်းသည်။

"တိုက်ခန်းတစ်ခန်း ဦးစီစဉ်ပေးမယ်၊ တဖြည်းဖြည်း ဦးကိုဆပ်သွားပေါ့"

"ဟုတ်ကဲ့ ...ကျေးဇူးတင်ပါတယ်ဦး"

မာနမရှိ ရိုးစင်းသော စိမ်းမြလွှာကို ဦးသိန်းဟန်က တူမလေးတစ်ယောက်လို ခင်တွယ် သံယောဇဉ် ဖြစ်နေသည်။

ဘကြီးနှင့်ကြီးတော်က ရန်ကုန်လိုက်မနေနိုင်ကြပါ။ ရှေ့လူကြီးများပီပီ၊ သူ့ဝင်းသူ့ခြံလေးနှင့် နားအေးပါးအေးသာ နေချင်ကြသည်။ တိုက်ခန်းနှင့်မနေနိုင်၍ ပဲခူးမှာပဲ ကျန်ရစ်ခဲ့ကြသည်။

စိမ်းမြလွှာကို ဦးသိန်းဟန်ကပဲ မမြိုင်ဆိုသော အိမ်ဖော်မလေးကို ရှာပေးသည်။ အောင်မြင်လာသည်နှင့်အမျှ ငွေကြေးပြဿနာကလည်း စိမ်းမြလွှာမှာ ပြေလည်လာသည်။

*

ဗွီဒီယိုလောကမှာ ကျော်ကြားခဲ့ပြီး ရုပ်ရှင်ကြီးကိုပင် စိမ်းမြလွှာက ခြေလှမ်းနိုင်ခဲ့သည်။ ပြီးတော့သူမရဲ့အသံကို သဘောကျပြီး၊ စတီရီယို သီချင်း သုံးလေးပုဒ်ပင် ထုတ်ခွင့်ရခဲ့သေးသည်။

ထိုမှပင် အော်ဂင်တီးသော မင်းလွင်နှင့် ခင်မင်ရင်းနှီးခဲ့သည်။ မင်းလွင်က ဗွီဒီယိုမင်းသား သိပ်ဖြစ်ချင်နေသူ တစ်ယောက်ပါ။

စိမ်းမြလွှာထံမှာ အကူအညီတောင်းသည်၊ နားပူသည်၊ စိမ်းမြလွှာက ဦးသိန်းဟန်ကို ပြောပြသည်။ ဦးသိန်းဟန်က လိုလိုလားလားမရှိ။

စိမ်းမြလွှာက တိုက်တိုက်တွန်းတွန်းရှိမှ စိမ်းမြလွှာရဲ့နာမည်ကြီးသည့် အင်အားကြောင့် ဦးသိန်းဟန်က စမ်းကြည့်မယ်လို့ ကတိပေးလိုက်သည်။

“ကဲ ကိုမင်းလွင် ရှင့်ရဲ့အရည်အချင်းကို အစွမ်းကုန်သာပြပေတော့”

“ကျေးဇူးကြီးလှပါတယ် မင်းသမီးရယ်၊ ကျွန်တော် အစွမ်းကုန်ကြိုးစားပါ့မယ်”

ပထမဆုံးကားကို စိမ်းမြလွှာနှင့်ရိုက်သည်။ စိမ်းမြလွှာက လက်တွဲခေါ်သည်။ သွန်သင်ပေးသည်။

“မင်းသမီးက တကယ်ကို စေတနာကောင်းတာပဲနော်၊ မင်းသမီး ကူညီလို့ ကျွန်တော် တိုးတက်လာရပါပြီ”

“မင်းသမီးလို့ခေါ်ရတာ ပင်ပန်းပါတယ်ရှင်၊ လွှာလို့ခေါ်လည်း ရပါတယ်”

အလွန်ဖြူစင်ပြည့်ဝသော စိမ်းမြလွှာကို မင်းလွင် လေးစားခင်မင်သွားရပါသည်။ စိမ်းမြလွှာရဲ့ ကူညီဖေးမမှုကြောင့် သူလည်း အောင်မြင်

ခဲ့ရသည်။

ဗွီဒီယိုနှစ်ကားတည်းနှင့် အောင်မြင်သော မင်းသားတစ်လက် ဖြစ်လာသည်။ စိမ်းမြလွှာနှင့် မင်းလွင်တို့ကား တော်တော်များများ တွဲ ရိုက်ခဲ့ကြသည်။

စိမ်းမြလွှာရဲ့ လက်တွဲခေါ်မှုကြောင့် မင်းလွင်ရဲ့အောင်မြင်မှုတွေ တစ်ထစ်ပြီးတစ်ထစ် တိုးတက်လာပါသည်။ နှစ်ဦးတွဲ၍ ရုပ်ရှင်ကားကြီး တစ်ကားကို လက်ခံရိုက်ကူးခဲ့သည်။

အောင်မြင်မှုကို ရရှိပြန်သည်။ အတွဲများသောစုံတွဲမို့ ရုပ်ရှင်လောက ရဲ့အပြင်ဘက် ပရိတ်သတ်တွေရဲ့ကြားမှာ ကောလာဟလသတင်းတစ်ခု ပြန့်သွားခဲ့သည်။

"ဟဲ့… မင်းသားမင်းလွင်နဲ့ မင်းသမီးစိမ်းမြလွှာ တို့က တကယ်ငြိနေ ကြတာတဲ့"

"အေး ဟုတ်တယ်လို့ ငါလည်း ကြားတယ်"

တစ်ယောက်စကားကနေ တစ်ယောက် ပေါက်ကြားပြီး ထိုသို့သော သတင်းအနံ့များက စိမ်းမြလွှာတို့ နှစ်ယောက်ကို ထိခတ်လာပါသည်။

"ကိုယ်တို့အကြောင်းတွေ လူတွေပြောများနေပြီလွှာရေ"

မင်းလွင်က စိတ်ဝင်စားနှစ်သက်နေသည်မို့ ထိုသို့အကြောင်းတွေ လည်း သိုးသိုးသန့်သန့် ကြားတော့ ကျေနပ်နေသည်။

စိမ်းမြလွှာကို ဖွင့်ပြီးပင် ပြောလိုက်သည်။ စိမ်းမြလွှာလည်း ကြားခဲ့ သည်သာ။ မသိလိုက် မသိဘာသာ နေခဲ့ခြင်းသာ။ ခုလို မင်းလွင် ထုတ်ဖော်ပြောတော့ ရင်မှာတုန်ခါလှိုက်ခတ်သွားရသည်မှာ အမှန်ပါ။

"ပတ်ဝန်းကျင်က ဝေဖန်တဲ့ ကောလာဟလသတင်းက ကိုယ့်ရဲ့သတ္တိကို အရောင်တင်ပေးလိုက်ပြီကွာ"

မင်းလွင်က ရွှန်းလက်သောအကြည့်များနှင့် စိမ်းမြလွှာကိုကြည့်ပြီး ပြောသည်။ လှပလွန်း၊ ကျော့ကြားလွန်းနေတဲ့ စိမ်းမြလွှာကို သူ့ရင်ထဲမှာ ချစ်စိတ်တွေ ဝင်နေပါပြီ။

သိပ်လှတဲ့ စိမ်းမြလွှာကိုလည်း ပိုင်ဆိုင်ချင်သည်။ တန်ဖိုးရှိသော အရုပ်လေးတစ်ရုပ်ကို မြတ်နိုးပိုင်ဆိုင်ချင်သလို စိမ်းမြလွှာကို ပိုင်ဆိုင်ချင်နေသည်။

"လွှာ့ကို ကိုယ်ချစ်တယ်"

သရုပ်ဆောင်မှုကြောင့်သာ ပွေ့ဖက်ထွေးပွေ့ခဲ့ရသော ခန္ဓာကိုယ်လေးကို လက်တွေ့ဘဝမှာ ပိုင်ပိုင်ကြီးဖက်တွယ်လိုက်သည်။ အမှတ်မထင် ပြုလုပ်လိုက်သော မင်းလွင်ရဲ့လုပ်ရပ်ကို စိမ်းမြလွှာက တအံ့တဩကြီး ရှိနေသည်။

"လွှာ့ကို ကိုယ်ချစ်တယ်၊ လွှာလည်း ကိုယ့်ကို ပြန်ချစ်ရမယ်"

ကလေးဆိုးကြီးသဖွယ် သူလိုချင်တာကို ဇွတ်ပြောဆိုနေသည်။ စိမ်းမြလွှာက သူ့ကို မော့ကြည့်လိုက်သည်။ အပြစ်ကင်းစင်အောင် ချောမွေ့နေသော မင်းလွင်အပေါ်မှာ စိမ်းမြလွှာရဲ့ စိတ်လည်း ညွတ်ပျောင်းနေပြီလေ။

"လွှာ......ကိုယ့်ကို ချစ်တယ်နော်"

ဟန်ဆောင်စရာလည်းမလို... စဉ်းစားစရာလည်း မလိုဘူးလို့ထင်ပြီး လွယ်လွယ်ပဲ စိမ်းမြလွှာ ခေါင်းညိတ်လိုက်ပါသည်။

"ပျော်လိုက်တာလွှာရယ်"

အပြောကောင်း... အချွဲကောင်းတဲ့ မင်းလွင်ရဲ့ ချစ်စကားတွေကြားမှာ စိမ်းမြလွှာ စီးဝင်ပျော်မွေ့သွားသည်။

သည်လိုနှင့် စိမ်းမြလွှာနှင့် မင်းလွင်တို့ စေ့စပ်လိုက်ကြသည်။ နှစ်ဦးစလုံး လက်ထပ်ဖို့အရေး မတွေးကြသေးပါ။

"ကိုယ်တို့ နှစ်ယောက်စလုံး အောင်မြင်နေကြတုန်းမှာ အလုပ်ကိုပဲဖိပြီး ကြိုးစားကြဦးမယ်နော်"

"ဟုတ်တယ်၊ လွှာလည်း လက်မထပ်ချင်သေးပါဘူး"

နှစ်ဦးသဘောတူ လက်ထပ်ရက်ကို အကန့်အသတ်မရှိ ဆွဲဆန့်ထားကြသည်။

*